# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
# မြန်မာနိုင်ငံ

စာစဉ် ၃ | ၁-၃၁ မတ် ၂၀၁၅

OCHA

## ဤစာစဉ်တွင်

ရခိုင်ပြည်နယ်တွင် ရေယာဉ်တိမ်းမှောက်ခြင်း စာ-၁
နေရပ်စွန့်ခွာတိမ်းရှောင်သူအမျိုးသမီးများ ပိုမို ပါဝင်၊ပြောဆိုခွင့်ရစေခြင်း စာ-၁
ကချင်နှင့် ရှမ်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ စာ-၂
ကချင်တွင် ဒေသဖြတ်ကျော်ခရီးစဉ်များ ပြန်လည်စတင် စာ-၃
ခြောက်သွေ့ရာသီ ရေပြတ်လပ်မှုများ စာ-၃
ကချင်ရှိ သက်ကြီးရွယ်အို နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ လိုအပ်ချက်များ စာ-၄

## အဓိက အချက်များ

- ရခိုင်ပြည်နယ်တွင် ရေယာဉ်တိမ်းမှောက်မှုကြောင့် အနည်း ဆုံးလူ ၆၉ ဦးသေဆုံး၊ အစိုးရနှင့် ဒေသတွင်း အဖွဲ့အစည်းများမှ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်
- ရခိုင်ပြည်နယ်နေရပ်စွန့်ခွာတိမ်းရှောင် စခန်းများတွင် ဆုံးဖြတ်ချက် ချမှတ်သည့်ကိစ္စရပ်များတွင် အမျိုးသမီးများ ပါဝင်မှုအားကောင်းစေရေးဆောင်ရွက်
- ကချင်နှင့်ရှမ်းမြောက်ရှိ ပဋိပက္ခများကြောင့်နေရပ်စွန့်ခွာတိမ်းရှောင်မှု များ ဆက်လက်ဖြစ်ပေါ်
- ကချင်ပြည်နယ်တွင်ဒေသဖြတ်ကျော် ခရီးစဉ်များ ပြန်လည်စတင်
- ခြောက်သွေ့ရာသီ ရေပြတ်လပ်မှုကြောင့်ထောင်ချီသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ထိခိုက်
- ကချင်ရှိသက်ကြီးရွယ်အိုနေရပ် စွန့်ခွာ တိမ်းရှောင်သူများ၏ လိုအပ်ချက်များ နှင့်အခွင့်အလမ်းများ

## အဓိက ကိန်းဂဏန်းများ

| | |
|---|---|
| ရခိုင်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၃၉,၀၀၀ |
| ကချင်နှင့် ရှမ်းမြောက် တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၀၀,၀၀၀ |
| မွန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာတွင်နေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၃,၃၀၀ |

လားရှိုးကိုဖြတ်၍ ကိုးကန့်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ >၁၃,၀၀၀*

*ကိုးကန့်ဒေသ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ အရေအတွက်မှာ အတည် မပြုနိုင်သေး

## ရန်ပုံငွေ

၁၉၀ သန်း(အမေရိကန်ဒေါ်လာ) ၂၀၁၅ ခုနှစ်တွင် လူသားချင်း စာနာမှု အကူအညီများပေးရန် အတွက်တောင်းခံထား



ရခိုင်ပြည်နယ် ဆတ်ရိုးကျ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းမှ ယောကျာ်းလေးတစ်ဦး၊ ဖွန် ၂၀၁၄၊ ဓာတ်ပုံ OCHA

## ရခိုင်ကမ်းရိုးတန်းတွင် ရေယာဉ်တိမ်းမှောက်မှုကြောင့် လူများ ဒါဇင်နှင့်ချီ၍သေဆုံး

မတ်လ ၁၃ ရက်နေ့ည ရခိုင်ပြည်နယ် မြေပုံမြို့အနီးတွင် အောင်တံခွန် (၃) ရေယာဉ် တိမ်းမှောက် ခဲ့သည်။ နိုင်ငံပိုင်မီဒီယာများ၏ ပြောကြားချက်အရ ခရီးသည်၂၂၅ ဦးနှင့် ရေယာဉ်ဝန်ထမ်းများ စီးနင်းလိုက်ပါလာခဲ့သော ရေယာဉ်မှာ တောင်ကုတ်မှ စစ်တွေသို့ သွားရာတွင်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အစိုးရ၏ နောက်ဆုံးထုတ်ပြန်ချက်များအရ လူပေါင်း၁၆၉ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး၊အနည်းဆုံး လူ၆၉ဦး သေဆုံးခဲ့သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကိုစုံစမ်းရန်အတွက် ကော်မရှင်ဖွဲ့စည်းခဲ့သည်။



မြေပုံမြို့အနီး ရေယာဉ်တိမ်းမှောက်ပြီးနောက် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဝင်တစ်ဦးမှ ကလေးငယ်တစ်ဦးအား အကူအညီပေးနေစဉ်၊ မတ် ၂၀၁၅၊ ဓာတ်ပုံ ဦးမောင်မြင့်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း။

မြန်မာ့တပ်မတော်(ရေ)၊ ဒေသတွင်း အာဏာပိုင်များ၊ ရပ်ရွာလူထုများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ဦးဆောင်ပြီးအသက်ရှင်လွတ်မြောက်လာသူများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဒေသတွင်းရှိ အာဏာပိုင်များနှင့် ရေယာဉ် တိမ်းမှောက်သည့်နေရာအနီးရှိရပ်ရွာလူထုများသည် အသက်ဘေးမှ လွတ်မြောက်လာသည့် ခရီးသည်များအားလိုအပ်သည့်အကူအညီများကိုအမြန်ဆုံးပံ့ပိုးပေးခဲ့သည်။ရပ်ရွာလူထုများအနေဖြင့်ခရီးသည်များကိုရဲရဲဝံ့ဝံ့ဖြင့်သက်စွန့်စံဖျား ကယ်ဆယ်မှုများ နှင့် အရေးပေါ်အကူအညီများပေးအပ်ခဲ့သည် ဖြစ်ရပ်များလည်းရှိသည်။

ရှေးဦးသူနာပြုစုခြင်း၊စိတ်ပိုင်းဆိုင်ရာအထောက်အကူပြုဝန်ဆောင်မှုများပေးခြင်းနှင့်နေရပ်သို့ပြန်နိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှအဓိကဆောင်ရွက်ခဲ့သည်။ ကုလသမဂ္ဂ၊ အခြား ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အစိုးရ၊ ဒေသအာဏာပိုင်များ၊ ရပ်ရွာ လူထုများ ဦးစီးဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးနှင့် ကူညီတုန့်ပြန်ရေးဆောင်ရွက်မှုများကို ပံ့ပိုးကူညီရန် ကမ်းလှမ်းခဲ့ပြီး၊ အချို့အဖွဲ့အစည်းများမှာ ကူညီတုန့်ပြန်ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပါဝင်ခဲ့သည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံ ဆရာဝန်များအသင်းအနေဖြင့် အသက်ရှင်လွတ်မြောက်လာသူများအား ရှေးဦးသူနာပြုစုကုသပေးခြင်း၊ အခင်းဖြစ်ပွားခဲ့သည့်နေရာနှင့် နီးသည့် မြေပုံမြို့နယ်တွင် လုပ်ငန်းများဆောင်ရွက်နေသော အစိုးရမဟုတ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော Relief International အနေဖြင့် အသက်ရှင်လွတ်မြောက်လာသူများနှင့် ကယ်ဆယ်ရေးလုပ်သားများကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အခြားအထောက်အပံ့များ ကူညီပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် လှေများကို ပံ့ပိုးပေးခဲ့သည်။

မြန်မာနိုင်ငံ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအနေဖြင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ပြီး ရခိုင်လူထုအတွက် ကြေကွဲဝမ်းနည်းကြောင်းဖော်ပြခဲ့သလို၊ ကူညီပံ့ပိုးရန်အတွက်လည်း ထပ်မံကမ်းလှမ်းခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ယခုဖြစ်စဉ်ကဲ့သို့အရေးပေါ်အခြေအနေများ ကြုံတွေ့လာပါက တုန့်ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းစွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများကို ဆက်လက်ဆောင်ရွက်သွားရန်အတွက် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

## နေရပ်စွန့်ခွာတိမ်းရှောင်စခန်းများတွင် အမျိုးသမီးများ ပိုမို ပါဝင်၊ ပြောဆိုခွင့်ရစေခြင်း

ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ၏ စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိသည့် Lutheran World Federation (LWF) အနေဖြင့် ၎င်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် စခန်း ၁၁ ခုတွင် ဆုံးဖြတ်ချက်ချသည့်အခန်းကဏ္ဍများ၌ အမျိုးသမီးများ ပိုမိုပါဝင်ပြောဆိုခွင့် ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်ထိ အာဏာပိုင်များမှ ခန့်ထားသော စခန်းစီမံခန့်ခွဲမှုကော်မတီတွင် အမျိုးသမီးများ ပါဝင်မှုမရှိသေးပါ။

*ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ ကျား၊မနှင့်အသက်အလိုက် ခွဲခြားဖော်ပြသောအချက်အလက်များမှာ ၆၀ % ခန့်အတွက်သာ ရရှိသည်။*

*ရခိုင်ပြည်နယ်နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ*

အသက် ၁၈နှစ်အထက် အမျိုးသမီးများ ၁၃,၀၀၀
အသက် ၁၈နှစ်အထက် အမျိုးသားများ ၁၁,၀၀၀
အသက် ၆၀ နှစ်အထက် အမျိုးသမီးများ၁,၅၀၀
အသက် ၆၀နှစ်အထက် အမျိုးသားများ ၁,၂၀၀
အသက် ၁၈ နှစ်အောက် မိန်းကလေးများ၂၄,၃၀၀
အသက် ၁၈ နှစ်အောက် ယောကျာ်းလေးများ၂၆,၄၀၀

---

*ကချင်ပြည်နယ်နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ*

အသက် ၁၈နှစ်အထက် အမျိုးသမီးများ ၁၈,၆၀၀
အသက် ၁၈နှစ်အထက် အမျိုးသားများ ၁၅,၇၀၀
အသက် ၆၀ နှစ်အထက် အမျိုးသမီးများ၂,၉၀၀
အသက် ၆၀နှစ်အထက် အမျိုးသားများ ၂,၀၀၀
အသက် ၁၈ နှစ်အောက် မိန်းကလေးများ ၁၉,၂၀၀
အသက် ၁၈ နှစ်အောက် ယောကျာ်းလေးများ၁၉,၃၀၀




ဆုံးဖြတ်ချက်ချမှတ်သည့် ကိစ္စရပ်များတွင် အမျိုးသမီး များပါဝင်မှုကို မြှင့်တင်ရန်အတွက် LWF အနေဖြင့်စခန်းစီမံခန့်ခွဲမှုကော်မတီများနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ပြီးနောက် ကော်မတီများအနေဖြင့် အမျိုးသမီးများကို စခန်း စီမံခန့်ခွဲမှုကော်မတီတွင် ဖိတ်ခေါ်အဖွဲ့ဝင်များအဖြစ် ခန့်ထားရန် သဘောတူညီခဲ့သည်။ အာဏာပိုင်များမှ စခန်းစီမံခန့်ခွဲမှု ကော်မတီဝင်များ အဖြစ် ခန့်ထားသည့် အမျိုးသား ၁၃၈ ဦးအပြင်၊ ယခုအခါတွင်ဖိတ်ခေါ်အဖွဲ့ဝင်များအဖြစ် စခန်းတစ်ခုစီမှ အများရွေးချယ်သည့် အမျိုးသမီး ၁၃၈ ဦးမှာ စခန်း စီမံ ခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ခွင့်ရှိပြီဖြစ်သည်။ LWF အနေဖြင့် အဆိုပါ ဆွေးနွေးပွဲများတွင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် လူငယ်များကို ကိုယ်စားပြုသူများ ပါဝင်နိုင်ရန်အတွက်လည်း ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

## သင်တန်းနှင့် ပံ့ပိုးမှုများဆက်လက်လိုအပ်လျက်ရှိ

*နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများတွင် ဆုံးဖြတ်ချက်ချမှတ် သည့် ကဏ္ဍများ၌ အမျိုး သမီးများ ပိုမိုပါဝင်၊ ပြောဆိုခွင့်ရရန် LWF မှ ပံ့ပိုးကူညီလျက်ရှိ*


LWF အနေဖြင့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်နှင့် ဝတ္တရားများ၊ ဆွေးနွေးပွဲအစီအစဉ်များနှင့် စပ်လျဉ်းပြီး အမျိုးသမီးများအတွက် သင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုကို ပိုမိုပံ့ပိုးပေးနိုင်ရန် LWFသည် စခန်းအများစုတွင် အမျိုး သမီးအဖွဲ့များ ဖွဲ့ပေးခြင်းဖြင့် အမျိုးသမီးများ၏ ဦးဆောင်မှု စွမ်းရည် ပိုမိုအားကောင်းစေရန် ဆောင်ရွက်လျက်ရှိသည်။ LWF ၏ပြောကြားချက်အရ အမျိုးသမီးများသီးသန့်ဖြစ်စေပြီး ပိုမိုလုံခြုံစေရန်အတွက် ရေချိုးရန်နေရာများ လိုအပ်မှု၊ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာပံ့ပိုးမှုနှင့် သင်တန်းများ လိုအပ်မှု၊ ၎င်းတို့၏ ကလေးများအတွက် မူလတန်းပြီးနောက် ပညာဆက်လက်သင်ကြားနိုင်ရန် လိုအပ်မှုစသည့် အကြောင်းအရာများကို တင်ပြဆွေးနွေးသော အမျိုးသမီးများ၏ပါဝင်မှုကြောင့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲများမှာ စခန်းရှိ လူအားလုံးကို ပိုမို ကိုယ်စားပြုလာသည်။

## ရှမ်းနှင့် ကချင်ရှိ တိုက်ပွဲများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်မှု

### ကိုးကန့်ဒေသတိုက်ပွဲများကြောင့် ထိခိုက်လွယ်သောအခြေအနေတွင်ရှိသည့် ထောင်နှင့်ချီသော အရပ်သားများ ထိခိုက်ခဲ့

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖြစ်ပွားနေသော တိုက်ပွဲများမှာ မတ်လ တစ်လျှောက်လုံး ဆက်လက် ဖြစ်ပွားခဲ့သည်။အစိုးရမှထုတ်ပြန်သောအချက်အလက်များအရ တိုက်ပွဲများ စတင်ဖြစ်ပွားချိန်တွင်ရွှေ့ပြောင်းလုပ်သား၁၃,၀၀၀ကျော် ထိုဒေသမှ စွန့်ခွာခဲ့ပြီး၊ လာရှိုးမှ တစ်ဆင့် မြန်မာနိုင်ငံ၏ အခြားနေရာများ သို့ တိမ်းရှောင်ခဲ့ကာ၊ တရုတ်နိုင်ငံ၊ ယူနန်ဒေသ အာဏာပိုင်များက နယ်စပ် ဖြတ်ကျော်ပြီး တရုတ်နိုင်ငံတွင်းသို့ လူပေါင်း ၆၀,၀၀၀ ကျော် ဝင်ရောက်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။ ထိုလူများအနက်မှ တရုတ်နိုင်ငံအတွင်းရှိ စခန်းများတွင် မည်မျှ ဆက်လက်ကျန်ရှိနေသည်ကို တိကျစွာ မသိရှိနိုင်သေးပါ။ ကုလသမဂ္ဂအနေဖြင့် အဆိုပါ စခန်းများသို့ လက်လှမ်းမှီမှု မရှိပါ။

**ကချင်ပြည်နယ် တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကိုးကန့်**




*ကိုးကန့်ဒေသ ပဋိပက္ခကြောင့် အနည်းဆုံး ကလေး ငါးဦးသေဆုံးခဲ့ရပြီး၊ ၁၃ဦး ဒဏ်ရာရခဲ့*

ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့သွားရောက်ရန်အကန့်အသတ်ရှိဆဲဖြစ်ပြီး၊ ထိုနေရာရှိ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ရရှိမှုမှာလည်းအကန့်အသတ်ရှိနေသည်။ မီဒီယာသတင်းများအရ တိုက်ပွဲများအတွင်းတွင် အရပ်သားများ သေဆုံး သို့မဟုတ် ဒဏ်ရာရခြင်းများရှိခဲ့သည်ဟုဆိုသော်လည်း အရေအတွက်ကိုမူ အတည်မပြုနိုင်သေးပါ။ မြန်မာအစိုးရနှင့် အခြေခံကျသော ကလေးသူငယ် အခွင့်အရေး ချိုးဖောက်မှုအခြေအနေကို လေ့လာစောင့်ကြည့် အစီအရင်ခံခြင်းဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံအဆင့် လုပ်ငန်းအဖွဲ့၏ ပြောကြားချက်အရ ပဋိပက္ခကြောင့် အနည်းဆုံး ကလေးငါးဦးသေဆုံးကာ ၁၃ဦးဒဏ်ရာ ရခဲ့သည်။

အစိုးရ၏ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြန်လည်ထူထောင်ရေးနှင့်အုပ်ချုပ်ရေးအထောက်အကူပြု ကော်မတီမှ ပြောကြားချက်အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပဋိပက္ခကြောင့် ထိခိုက်ခံရသူများကိုအစိုးရအနေဖြင့်စားနပ်ရိက္ခာအပါအဝင်အထောက်အပံ့များပေးအပ်လျက်ရှိသည်။ တရုတ်၊ မြန်မာနယ်စပ်၊ မြန်မာနိုင်ငံဘက်အခြမ်း နယ်ခြားတိုင်အမှတ် ၁၂၅ ရှိနေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းတွင်လူပေါင်း၄၀၀၀ခန့်နေထိုင်လျက်ရှိပြီး၊ အစိုးရနှင့်ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများမှ အထောက်အပံ့များကို ပေးအပ်ထားကြောင်းသိရသည်။ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသအတွင်းရှိ နမ့်တစ်တွင် ၆၀၀ ခန့်သောလူများမှာ နေရပ်စွန့်ခွာတိမ်းရှောင်ဆဲဖြစ်ပြီး၊ ဒေသတွင်း အာဏာပိုင်များနှင့် ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများထံမှ အထောက်အပံ့များကို ရရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အနေဖြင့် ဧပြီလတွင် နမ့်တစ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် တစ်လစာရိက္ခာများတွက် ပံ့ပိုးပေးသည်။

*ရှမ်းပြည်နယ် မြောက်ပိုင်း အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားမှုနှင့် လုံခြုံရေးအခြေအနေများ ကြောင့်ရပ်ရွာလူထုများ ဆက်လက်ထိခိုက်ခံစား ရလျက်ရှိပြီး၊ လူများ နေရပ်စွန့်ခွာတိမ်းရှောင်*

### ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားသည့် ပဋိပက္ခများကြောင့် လူ ၂၀၀၀ ခန့် ယာယီ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့

ရှမ်းပြည်နယ်မြောက်ပိုင်း နေရာအချို့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး၊ လုံခြုံရေးအခြေအနေများကြောင့် ရပ်ရွာလူထုများထိခိုက်ခဲ့ကာ လူများ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့သည်။ နိုင်ငံတကာလူသားချင်း စာနာမှု ဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးအခြေအနေများကြောင့် ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းများကို ခေတ္တ ရပ်ဆိုင်းခဲ့ရသည်။

မတ်လအကုန်ပိုင်းတွင် နမ့်ခမ်းမြို့နယ် ကောင်းဝိုင်းရွာ၌ မြန်မာ့တပ်မတော်နှင့် တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့ ကြားဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လူပေါင်း ၁,၇၀၀ ခန့်နီးပါး ယာယီ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ပြည်တွင်း အစိုးရမဟုတ်သော အရပ်ဖက် လူမှုအဖွဲ့အစည်း များနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ကူညီထောက်ပံ့မှုလိုအပ်လျက်ရှိသူများကို စားနပ်ရိက္ခာများ ပံ့ပိုး ပေးခဲ့သည်။ ရက်အနည်းငယ်အတွင်းပင် နေရပ်စွန့်ခွာတိမ်းရှောင်သူအသစ်များမှ အများစုမှာ ၄င်းတို့ ရပ်ရွာများ သို့ ပြန်သွားကြောင်း သိရသည်။ မတ်လအတွင်းတွင် ကွတ်ခိုင်မြို့နယ်အတွင်း လူပေါင်း ၂၀၀ ခန့် နေရပ်စွန့်ခွာမှုအသစ်ထပ်မံဖြစ်ပေါ်ခဲ့ပြီး၊ ၄င်းတို့မှာ ရှိပြီးသားစခန်းများတွင် နေထိုင်လျက် ရှိကြောင်း သိရှိ ရသည်။ ကချင်ပြည်နယ် တောင်ပိုင်း၊ မန်စီမြို့နယ်တွင်  မြန်မာ့တပ်မတော်နှင့် ကချင် လွတ်လပ်ရေး တပ်မတော်တို့ကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် မန်စီမြို့နယ်အစွန်အဖျားမှ လူ၂၀၀ ခန့် ယာယီ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ထိုနေရာရှိ အဖွဲ့အစည်းများ၏ ပြောကြားချက်အရ အများစု မှာ ၄င်းတို့ရပ်ရွာများသို့ လကုန်ပိုင်းတွင် ပြန်သွားပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ဒေသတွင်း အစိုးရမဟုတ်သော အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် နေရပ်စွန့်ခွာတိမ်း ရှောင်လာသူ အသစ်များကို လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဆက်လက်ပေးအပ်လျက်ရှိပြီး၊ အခြားနေရာများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများကိုလည်း ဆက်လက် ပံ့ပိုးကူညီလျက် ရှိသည်။

## ကချင်ပြည်နယ်တွင် ဒေသဖြတ်ကျော်ခရီးစဉ်များ ပြန်လည်စတင်

၂၀၁၄ခုနှစ် စက်တင်ဘာမှ စတင်၍ ပထမဆုံး အကြိမ်အဖြစ် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ အစိုးရထံမှ ကုလသမဂ္ဂအဖွဲ့အစည်းများ နှင့် နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ နိုင်ငံတကာမှ ဝန်ထမ်းများ ပါဝင်သည့် ကချင်ပြည်နယ် ဒေသဖြတ်ကျော် ခရီးစဉ်များ အတွက် ခွင့်ပြုချက်ကို မတ်လအတွင်းတွင် ရရှိခဲ့သည်။ သို့သော် လိုင်ဇာ ဒေသသို့ သွားရောက်ရန်အတွက် အကန့်အသတ်ရှိ ဆဲဖြစ်သည်။



UNHCR နှင့် ကရုဏာမြန်မာ လူမှုရေးဝန်ဆောင်မှုအဖွဲ့တို့မှ ပံ့ပိုးပေး သည့် ဆောင်းတွင်းသုံးပစ္စည်းများနှင့် အတူတွေ့ရသည့် ဘွမ်ဆစ်ပါ စခန်းမှ အမျိုးသမီးတစ်ဦး။ မတ် ၂၀၁၅၊ ဓာတ်ပုံ ဘောက်နော၊ ကရုဏာမြန်မာ လူမှုရေး ဝန်ဆောင်မှုအဖွဲ့။

ဒေသဖြတ်ကျော် ခရီးစဉ်များ၏ ပထမဆုံးခရီးစဉ်ကို ၂၀၁၅ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် စတင်ခဲ့သည်။ ခရီးစဉ်အတွင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင် သူများအား အစားအစာ၊ ဆေးဝါးနှင့် ဆောင်းတွင်း သုံးပစ္စည်းများပံပိုးပေးခဲ့သည်။အဆိုပါခရီးစဉ်များအတွင်းတွင် ဝန်ထမ်းများအနေဖြင့် လိုအပ်ချက်များနှင့်  စပ်လျဉ်းသည့် စစ်တမ်းကောက်ယူခြင်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဒေသတွင်း အစိုးရမဟုတ်သည့်  လူမှုအဖွဲ့အစည်းများ၊ စခန်းကော်မတီ များနှင့်  ညှိနှိုင်းဆွေးနွေးမှုများအပြင်၊ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား လေ့လာသုံးသပ်နိုင်ခဲ့ ရုံမျှမက၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စောင့်ကြည့်လေ့လာမှု ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။


*ကုလသမဂ္ဂသည် ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှု အောက်နှင့်ပြင်ပဒေသများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ အားလုံးကို ရေရှည် လက်လှမ်းမှီနိုင်ရေးအတွက် ဆက်လက် တောင်းဆို ဆောင်ရွက်*

ကုလသမဂ္ဂ အနေဖြင့် အစိုးရထိန်းချုပ်မှုဒေသများမှ နေရပ်စွန့်ခွာတိမ်းရှောင် သူများကိုသာမက၊ အစိုးရထိန်းချုပ်မှုပြင်ပဒေသများမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူအားလုံး ကိုပါ ရေရှည် လက်လှမ်းမှီရေး အတွက် ဆက်လက်တောင်းဆိုဆောင်ရွက်လျက်ရှိသည်။ အစိုးရ ထိန်းချုပ်မှု ပြင်ပ ဒေသများမှ နေရပ် စွန့်ခွာ တိမ်းရှောင်သူ များ၏ ထက်ဝက်ခန့်သည် လိုင်ဇာနှင့် ပတ်ဝန်း ကျင်နေရာများတွင် နေထိုင် လျက်ရှိသည်။

## လက်လှမ်းမီမှုမရှိခြင်းကြောင့် အကူအညီပေးရေးလုပ်ငန်းများ၏ အရည်အသွေးနှင့် အရေအတွက်ပိုင်းဆိုင်ရာ ကွာဟမှုများရှိ

ဒေသတွင်း အစိုးရမဟုတ်သည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လူသားချင်း စာနာ မှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ရေးတွင် အဓိက နေရာမှ ဆောင်ရွက်ခဲ့ပြီး၊ ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများအတွက် လက်လှမ်းမီရန် အကန့်အသတ်များ ရှိနေခြင်းကြောင့် လူသားချင်း စာနာမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် အရည် အသွေးနှင့် အရေအတွက်ပိုင်းဆိုင်ရာ ကွာဟမှုများ ဖြစ်ပေါ်စေခဲ့သည်။ လက်လှမ်းမီမှု အကန့်အသတ်များ ရှိခြင်းကြောင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ အနေဖြင့် နေထိုင်ရာ နေရာများ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ စောင့်ကြည့်လေ့လာ မှုများ၊ ပြုပြင် ထိန်းသိမ်းမှု၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်ရာတွင် လည်းကောင်း၊ ပြည်တွင်းအစိုးရမဟုတ်သည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများကို နည်းပညာပိုင်း ပံ့ပိုးမှုများ ပြုလုပ်ရာတွင် အကျိုး သက်ရောက် မှုများရှိခဲ့ပြီး၊ စွမ်းရည်မြှင့် တင်ခြင်းများ ပြုလုပ်ရန် လိုအပ်လျက်ရှိသည်။

**၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ် မတ်လ အထိ ဒေသ ဖြတ်ကျော် ခရီးစဉ်များ**




## ခြောက်သွေ့ရာသီ ရေပြတ်လပ်မှုများကို တုန့်ပြန်ဆောင်ရွက်ခြင်း

မတ်လအလယ်မှမေလအထိမှာ ခြောက်သွေ့ရာသီ၏အပူပြင်းဆုံးအချိန်ဖြစ်ပြီး အခက်အခဲများကို ဖြစ်ပေါ်စေသည်။ သန့်ရှင်းသော ရေလုံလောက်စွာမရရှိခြင်းကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအခြေအနေများကို ထိခိုက် စေရုံမက အစားအစာချက်ပြုတ်ခြင်းကဲ့သို့မဖြစ်မနေလုပ်ဆောင်ရသည့် အရေးကြီး ကိစ္စများကိုပါ နှောင့်နှေးကြန့်ကြာစေသည်။ အမျိုးသမီးများနှင့်ကလေးများသည် များသောအားဖြင့် ရေခပ်သည့် တာဝန်ကို ယူကြ ရသည့်အတွက် ၎င်းတို့သည်ရေပြတ်လပ်မှု၏ အကျိုးဆက်ကို ပိုမိုခံစားကြရသူ များဖြစ်သည်။ ရေရဖို့အတွက် အချိန်ပိုပေးရသောကြောင့်၊ အမျိုးသမီးများအနေဖြင့် ၎င်းတို့ ဝင်ငွေရမည့် အလုပ်များ အတွက် အချိန်လျော့ပေးရပြီး၊ ကလေးများမှာလည်း စာသင်ကြားရမည့် အချိန်လျော့သွားသည်။ လူတစ်ဦးစီ အတွက် သောက်ရေနဲ့သုံးရေ တစ်နေ့ကို အနည်းဆုံး ရေ ၁၅ လီတာလိုအပ်သည်။

*ကချင်ပြည်နယ်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသော အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာလူထု နှင့် လက်တွဲ၍ ရေပြတ်လပ်မှု ကြုံတွေ့ရနိုင်သည့် စခန်းများတွင် ထိုပြဿနာကို ဖြေရှင်းနိုင်ရန် ပိုမိုကောင်းမွန်သော ပြင်ဆင်မှုများ ရှိစေရန် ဆောင်ရွက်*

## ကချင်ပြည်နယ်ရှိ စခန်းများတွင် သန့်ရှင်းသောရေကို လုံလောက်စွာရရှိစေခြင်း

၂၀၁၄ခုနှစ် ဩဂုတ်လမှစတင်ပြီး နိုင်ငံတကာနှင့် ပြည်တွင်းမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့် ကချင်ပြည်နယ် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်း ၉၁ ခုရှိ ရေရရှိမှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု စနစ်များကို စောင့်ကြည့်လေ့လာခဲ့သည်။ ရေရရှိမှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု စနစ်များကို စခန်းတစ်ခုစီ၏ လိုအပ်ချက်များနှင့် လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် ဆန်းစစ် လေ့လာရာတွင် ရေအရင်းအမြစ်များ၊ ရေအရည်အသွေး၊စခန်းတစ်ခုစီတွင် နေထိုင်သည့် လူဦးရေ၊စခန်းဖြန့်ကျက်တည်ရှိမှု၊ နေရာနှင့် ရေမြေ အနေအထားအားလုံးကိုထည့်သွင်းစဉ်းစားခဲ့သည်။



ကချင်ပြည်နယ် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းတစ်ခုတွင် အကူအညီပေးရေးအဖွဲ့အစည်းများမှ တူးဖော်ပေးထားသည့် ရေတွင်းတွင် ရေခပ်နေသော မိန်းကလေးငယ်များ။ ဖေဖော်ဝါရီ ၂၀၁၅။ ဓာတ်ပုံ OCHA

နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းအများမှာ ဘာသာရေး အဖွဲ့အစည်းများ နှင့် သက်ဆိုင်သည့် နေရာများ တွင်တည်ရှိပြီး၊ လိုအပ်သည့် အဆောက်အဦးများကို အတွက် နေရာ အကန့် အသတ် ရှိသည်။

သုံးပုံတစ်ပုံထက်ပိုသော စခန်းများမှ လူများ အနေဖြင့် ခြောက်သွေ့ရာသီ၏ အပူပြင်းဆုံးအ ချိန်တွင် ရေပြတ်လပ်မှုကို ကြုံတွေ့ရနိုင်သည့် အခြေအနေရှိနိုင်သည်ဟုတွေ့ရှိခဲ့ရသည်။ ကချင်ပြည်နယ် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍမှတစ်ဆင့်လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ များသည် ရပ်ရွာလူထု၊ စခန်းရှိ ခေါင်းဆောင်များ၊ မြေပိုင်ရှင်များနှင့် လက်တွဲပြီး ရေပြတ်လပ်မှုကို ကြုံတွေ့ရနိုင်သည့် စခန်းများတွင် ထိုပြဿနာကို ဖြေရှင်းနိုင်ရန် ပိုမိုကောင်းမွန်သော ပြင်ဆင်မှုများ ရှိစေရန် ဆောင်ရွက်ခဲ့သည်။ ပြင်ဆင်မှုများတွင် ရေအရင်း အမြစ်များကို အဆင့်မြှင့်တင်ပေးခြင်း သို့မဟုတ် အခြားရေအရင်းအမြစ်များရှာဖွေခြင်း၊ စခန်းများတွင် ရာသီအလိုက်ကြုံတွေ့ရသော အန္တရာယ် များနှင့် သဘာဝဘေးအန္တရာယ်များကိုစီမံခန့်ခွဲပြီး ရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည့် အစီစဉ်များ ရေးဆွဲ နိုင်ရန် ကူညီပေးခြင်း၊ ရေပြဿနာများကို အကောင်းဆုံး ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်းပြီး လူများ ကို အသိပညာပေးခြင်းများ ပါဝင်သည်။

## ရခိုင်ပြည်နယ်ရှိ စခန်းများတွင် ခြောက်သွေ့ရာသီ ရေပြတ်လပ်မှုများ

*ရခိုင်ပြည်နယ် စခန်းများရှိ လူပေါင်း ၁၉,၀၀၀ကျော်မှာ ခြောက်သွေ့ရာသီ၏ အပူပြင်းဆုံးအချိန်တွင် အရေးပေါ်ထားရှိသည့် ရေ အပေါ် မှီခိုနေရ*

ရခိုင်ပြည်နယ်တွင် ခြောက်သွေ့ရာသီအတွင်း သန့်ရှင်းသော သောက်သုံးရေ ရရှိရန်မှာ လာမည့် မိုးရာသီ၏ အခြေအနေပေါ်တွင် များစွာမူတည်သည်။ နေရာအများအပြားတွင်၊ မြေအောက်ရေ ကို မရရှိနိုင်ခြင်း(သို့) ရရှိရန်ခက်ခဲခြင်းတို့ကြောင့် လူများမှာ မိုးရာသီတွင် သိုလှောင်ထားသည့် မိုးရေ လှောင်ကန်များကို အားထားရသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်း များ အနေဖြင့် အခြား ရေအရင်းအမြစ်မရှိသည်သော စခန်းများတွင် ခြောက်သွေ့ရာသီအတွင်း အရေးပေါ် သောက်သုံးရေများကို အဝေးရှိ အခြားရေအရင်းမြစ်များမှ ရေစုပ်စက်ဖြင့် ရေတင်ပေးခြင်း၊ သို့မဟုတ် အခြားနေရာများမှ ရေကိုလှေများဖြင့် သယ်ပို့ပေးခြင်းကို ဆောင်ရွက်ပေးသည်။ ယာယီနေထိုင်ရာ နေရာတစ်ခုစီတွင် မိုးရေခံယူစုဆောင်းခြင်နှင့် မြစ်ကို တမံပြုလုပ်၍ ရေကန်ကြီးများ ဖန်တီးခြင်း အပါ အဝင်အခြားသော နည်းလမ်းများဖြင့် ဆောင်ရွက်ရန်ကြိုးပမ်းခဲ့သော်လည်း ၎င်းနည်းလမ်းများမှာ ပြဿနာကို အပြည့်အဝ မဖြေရှင်းနိုင်ပါ။

ရခိုင်ပြည်နယ်တွင် ၂၀၁၄ခုနှစ် မိုးရာသီမှာ ယခင်နှစ်များကထက် တိုတောင်းပြီး၊ မိုးရွာသွန်းမှု နည်း သောကြောင့် ၂၀၁၅ခုနှစ် ခြောက်သွေ့ရာသီတွင် အရေးပေါ်သောက်သုံးရေလိုအပ်မှု မြင့်တက်လာ သည်။ မတ်လ အလယ်မှ စတင်ပြီး ပေါက်တောမြို့နယ်ရှိ စခန်းတစ်ခုတွင် လှေဖြင့် ရေသယ် ပို့ပေး ခြင်း ကို စတင်ခဲ့ပြီး၊ ပေါက်တောနှင့် မြေပုံမြို့နယ်များရှိ စခန်း ငါးခုတွင် အဝေးရှိ အခြားရေအရင်းအမြစ်များမှ ရေစုပ်စက်ဖြင့် ရေတင်ပေးခြင်းကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် စစ်တွေမြို့ပေါ်ရှိ စခန်းများမှ ရေပေးဝေသည့် ပိုက်လိုင်းများမှာ ရေစိမ့်ခြင်းများဖြစ်ပေါ်နေပြီး၊ အဆင့်မြှင့်ပြုပြင်ရန် လိုအပ်လျက် ရှိ သည်။ Oxfam မှ ၎င်းပိုက်လိုင်းစနစ်ကို အဆင့်မြှင့်ပြုပြင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနသို့ လိုအပ်သည့် ပစ္စည်းများ ပံ့ပိုးပေးခဲ့သည်။ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍအနေဖြင့် စခန်းများရှိ လူပေါင်း ၁၉,၀၀၀ ကျော်မှာ ခြောက်သွေ့ရာသီ၏ အပူပြင်းဆုံးအချိန်တွင် အရေးပေါ်သောက်သုံးရေ ကို သာ မှီခိုနေရသည်ဟု ခန့်မှန်းထားသည်။

## နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများရှိ သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များ

**သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုအခြေအနေများကို ပိုမို ဂရုပြုရန်လိုအပ်**

UNHCR မှ ဦးစီးပြီး၊ HelpAge International မှ လတ်တလော ဆောင်ရွက်ခဲ့သည့် လေ့လာ ဆန်းစစ်မှု များအရ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများရှိ သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များနှင့် ထိခိုက် လွယ်မှု အခြေအနေများကို လုံလုံလောက်လောက် ဂရုပြုမှု မရှိခြင်းကြောင့် ၎င်းတို့၏ ဘဝအရည် အသွေးပိုင်းဆိုင်ရာ ထိခိုက်မှုများရှိကာ ၎င်းတို့၏ မိသားစုများပေါ်တွင်ပါ အကျိုးသက်ရောက်မှုများ ရှိနေ သည်။ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဗန်းမော်မြို့နယ်များရှိ စခန်းကိုးခုတွင်ဆောင်ရွက်ခဲ့သည့် လေ့လာ ဆန်းစစ်မှုမှတ်တမ်းအရ စခန်းအများစုတွင် သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များကိုဖြည့်စွမ်း

*နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများရှိ သက်ကြီး ရွယ်အိုများအား ကျန်းမာ ရေး စောင့်ရှောက်မှုဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုလက်လှမ်းမီစေခြင်းဖြင့် ၎င်းတို့၏ ဘဝများနှင့် မိသားစုဘဝများ၏ အရည်အသွေးများကို မြှင့်တင်နိုင်*


ဆောင်ရွက်ပေးခြင်းမရှိပါ။
စခန်းများရှိသက်ကြီးရွယ်အိုများသည်တစ်ကိုယ် ရေသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များကို အသုံးပြုနိုင်ရန် ကွာဝေးသော နေရာသို့ လမ်းလျှောက်သွားရသည့် အတွက် ချော်လဲပြီး၊ အရိုးကျိုးခြင်း ဖြစ်ပေါ် နိုင်သည့် အခြေအနေတွင် ရှိသည်။ အဆိုပါ မှတ်တမ်းအရ စခန်းရှိ လူများ အတွက် ပုံမှန်ကျန်းမာရေး စစ်ဆေးခြင်း မရှိသည့်အတွက်
သက်ကြီးရွယ်အိုများခံစားရသည့်
နာမကျန်းမှုများမှာ ရောဂါရှာဖွေ မတွေ့ ရှိမီတွင် ပြင်းထန်သော အဆင့်သို့ ရောက်ရှိသွားသည်။
နေရပ်စွန့်ခွာတိမ်းရှောင်သူ သက်ကြီးရွယ်အို အများမှာ အမြင်၊ အကြားအာရုံ ချို့ယွင်းမှုများကိုလည်း ခံစားရသည်။ စခန်းတွင်နေထိုင်သူ ၄၀ ရာခိုင် နှုန်းနီးပါး ခံစားနေရသည့် အမြင် အာရုံချို့တဲ့မှုမှာ မျက်မှန်တပ်ခြင်း သို့မဟုတ် တိမ်ကို ခွဲစိတ်ရုံဖြင့် လွယ်ကူစွာ ကုသနိုင်သည်။



မိဘများ အဝေးတွင် မိသားစုအတွက် ဝင်ငွေရှာနေချိန်တွင် သက်ကြီး ရွယ်အိုများ သည် ၎င်းတို့၏ မြေးငယ်များကို ထိန်းသိမ်းစောင့် ရှောက် ကြည့်ရှုကြရသည်။ နိုဝင်ဘာ ၂၀၁၃။ ဓာတ်ပုံ UNHCR /S.Kelly

## သက်ကြီးရွယ်အိုများ၏ ဆောင်ရွက်ပါဝင်မှုမှာ သိသာထင်ရှားရုံမက၊ ပိုမိုတိုးတက်လာနိုင်

စခန်းများရှိ မိသားစုများစွာ၏ ကျန်းမာပျော်ရွှင်သောဘဝများအတွက် သက်ကြီးရွယ်အိုများမှာ အဓိက နေရာမှ ပါဝင်လျက်ရှိသည်။ မိဘများအဝေးတွင် မိသားစုအတွက် ဝင်ငွေရှာဖွေချိန်တွင် ၇၀ ရာခိုင်နှုန်း ထက်ပိုသည့် သက်ကြီးရွယ်အို အမျိုးသမီးကြီးများမှာ ၎င်းတို့၏ မြေးများကို စောင့်ရှောက် ကြည့်ရှုကြရ သည်။




HelpAge International ၏ ပြောကြားချက်အရ၊ မိသားစုများနှင့် ရပ်ရွာအတွင်းတွင် သက်ကြီးရွယ်အိုများ ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လွယ်ကူ၊ စရိတ် သက်သာသည့် နည်းလမ်းများစွာ ရှိသည်။ လေ့လာဆန်းစစ်မှုမှတ်တမ်းတွင် နေရပ် စွန့်ခွာတိမ်းရှောင်သူစခန်းများရှိ သက်ကြီး ရွယ်အိုများ အတွက် စခန်းအတွင်းတွင် စိုက်ပျိုးရေး၊ ကြက်၊ ဝက်မွေးမြူခြင်းတို့ လုပ်ကိုင် စေနိုင်ရန် ဖန်တီးပေးသင့်ကြောင်း အကြံပြုထားသည်။သက်ကြီးရွယ်အိုများသည်ခြင်းတောင်းများရက်လုပ်ခြင်း၊ အဝတ်အထည်ရက်လုပ်ခြင်းများနှင့် ပတ်သက်သည့် ကျွမ်းကျင်မှု အသိပညာများ ရှိသည်။ သက်ကြီးရွယ်အိုများအား အခွင့်အလမ်းများနှင့် ကျန်းမာရေး စောင့်ရှောက် မှုများကို ပိုမိုလက်လှမ်းမီစေခြင်းဖြင့် ၎င်းတို့၏ အရည်အသွေးများမြှင့်တင်ရန် ကူညီပေးနိုင်ပြီး၊ ၎င်းတို့၏ ဘဝများနှင့် မိသားစုဘဝအရည်အသွေးများကို တိုးတက်စေနိုင်သည်။

ထပ်မံ သိရှိလိုပါက
အောက်ပါတို့ကို ဆက်သွယ်ပါ။

အီဗာ မော့ဒ်ဗစ်
အစီရင်ခံရေးအရာရှိ
အီးမေးလ် - modvig@un.org
ဖုန်း - (+၉၅) ၉ ၄၂၀ ၂၇၅ ၈၇၇

ဖဲ့ ပယ်ရွန်
ပြန်ကြားဆက်သွယ်ရေးအရာရှိ
အီးမေးလ် - peronp@un.org
ဖုန်း - (+၉၅) ၉ ၂၅၀ ၁၉၈ ၉၉၇

OCHA လူသားချင်းစာနာမှု သတင်းလွှာကို www.reliefweb.int တွင် ရယူနိုင်သည်။

United Nations OCHA Facebook www.facebook.com/OCHAMyanmar